
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## လူသန်ကြီးရှံဆုန် 3.11

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

### တရားသူကြီးမှတ်စာ ၁၃-၁၆

ဟိုးရှေးရှေးတုန်းက ဣသရေလလူမျိုးတွေကို အီဂျစ်ပြည်ကနေ ကတိတော်မြေခါနန်ပြည်ကိုဦးဆောင်သွားဖို့ ဘုရားသခင်က မောရှေ ကို ပြောတဲ့အချိန်မှာ လူတွေကြားထဲ အချင်းချင်းသဘောမတူမှုတွေလည်း ရှိနေပါတယ်။ အဲဒီအချိန်တုန်းက လူအရမ်းများတဲ့အတွက် လူတိုင်းရဲ့ပြဿနာကို မောရှေက မဖြေရှင်းနိုင်ခဲ့ဘူး။ မောရှေဟာ သူ့ကိုကူညီပေးဖို့အတွက် "တရားသူကြီးတွေ" ကို သူခွဲခန့်ထားပါ တယ်။ အဲဒီတရားသူကြီးတွေဟာ ဣသရေလလူမျိုးတွေအချင်းချင်းကြားမှာဖြစ်တဲ့ပြဿနာတွေကို နားထောင်ပြီး ဖြေရှင်းပေးကြ ရတယ်။

ဣသရေလလူမျိုးတွေဟာ ဘုရားသခင်စကားကိုနားထောင်ဖို့ကြိုးစားရင်း ပြဿနာများစွာကြုံခဲ့ကြတယ်။ သူတို့တွေဟာ ဘုရားသခင် ရဲ့စကားကိုနားမထောင်တဲ့အတွက်ကြောင့် သူတို့ရဲ့ရန်သူဖြစ်တဲ့ ဖိလိတ္တိလူတွေအောက်မှာ နှစ်ပေါင်းလေးဆယ်ကြာအောင် အုပ်ချုပ်ခံ ခဲ့ကြရတယ်။ အဲဒီအချိန်မှာ ရှံဆုန်ဆိုတဲ့လူတစ်ယောက် မွေးဖွားလာတယ်။ သူဟာ တရားသူကြီးတစ်ယောက်ဖြစ်လာတယ်။ အခြားလူ တွေထက်သာလွန်တဲ့ခွန်အားကို ဘုရားသခင်ကရှံဆုန်ကိုပေးတယ်။ သူဟာ သူ့လက်နဲ့ခြင်္သေ့ကိုသတ်နိုင်တယ်၊ သူ့ကိုချုပ်ထားတဲ့ကြိုး တွေကိုဖြတ်ပြီးအလွယ်တကူလွတ်နိုင်တယ်။ စစ်တပ်ကြီးတစ်ခုလုံးကို သူတစ်ယောက်တည်း အနိုင်တိုက်နိုင်တယ်။ သူဟာ အရမ်း အရမ်းခွန်အားကြီးသူဖြစ်တယ်။

တစ်နေ့တော့ ရှံဆုန်ဟာ ဖိလိတ္တိလူတွေကို စကားဝှက်တစ်ခုပြောပြတယ်။ "ဒီစကားဝှက်ရဲ့အဖြေကိုပြောနိုင်ရင် ခြံစရာဝတ်စုံသစ် သုံးဆယ်ပေးမယ်" လို့ သူပြောတယ်။ ဖိလိတ္တိလူတွေဟာ ရှံဆုန်ရဲ့ဇနီးဆီသွားပြီး စကားဝှက်ရဲ့အဖြေကိုမေးတယ်။ သူမဟာ အဖြေရဖို့ အကြိမ်ကြိမ်ပူဆာတဲ့အတွက် နောက်ဆုံးမှာ ရှံဆုန်ကအဖြေကို ပြောပြလိုက်တယ်။ သူမကလည်း အဖြေကို ဖိလိတ္တိလူတွေဆီပြန်ပြော ပြတယ်။ ရှံဆုန်က အရမ်းဒေါသထွက်ပြီး၊ ရွာတစ်ရွာကလူသုံးဆယ်ဆီကနေ ဝတ်စုံသုံးဆယ်ကို လုယူလာခဲ့တယ်။ ရှံဆုန်ဒေါသထွက် တဲ့အတွက်ကြောင့် သူ့ဇနီးကိုအခြားသူတစ်ယောက်နဲ့ ပေးစားလိုက်ကြတယ်။ ရှံဆုန်ဟာ သူ့ခွန်အားနဲ့ ဖိလိတ္တိလူတွေရဲ့ ပိုင်ဆိုင်မှုတွေ ကိုဖျက်ဆီးခဲ့တယ်။ ဖိလိတ္တိလူတွေဟာ ရှံဆုန်ကို အရမ်းစိတ်ဆိုးကြတယ်။

နောက်ပိုင်း ရှံဆုန်ဟာ သူ့ဇနီးအတွက် အခြားအမျိုးသမီးတစ်ယောက်ကို တွေ့ပြန်တယ်။ သူ့နာမည်က ဒေလိလ။ ရှံဆုန်ကသူမကို ချစ်ပေမယ့် သူမကတော့ သူ့အပေါ်မကောင်းခဲ့ဘူး။ ရှံဆုန်ဘာ့ကြောင့်ခွန်အားကြီးတယ်ဆိုတာကို ရှံဆုန်ပြောပြဖို့ ပူဆာတယ်။ မသုံးရ သေးတဲ့ကြိုးသစ်နဲ့ချည်ထားရင် သူ့အားတွေကုန်သွားလိမ့်မယ်လို့ သူပြောတယ်။ အဲဒီလျှို့ဝှက်ချက်ကို ဒေလိလက ဖိလိတ္တိလူတွေကို ပြောပြတယ်။ ဒေလိလဟာ ရှံဆုန်ကိုချည်နှောင်ထားပြီး "ရှံဆုန်၊ သင့်ကိုဖျက်ဆီးဖို့ ဖိလိတ္တိလူတွေလာပြီ" လို့အော်လိုက်တယ်။ ရှံဆုန် ဟာ အပ်ချည်ကြိုးကိုဖြတ်သလို ကြိုးတွေကိုဖြတ်လိုက်တယ်။ ဒေလိလဟာ စိတ်ပျက်သလိုဟန်ဆောင်ငိုပြီး "ရှံဆုန်၊ ကျွန်မကို မလှည့်စားပါနဲ့၊ အမှန်အတိုင်းပြောပါ၊ သင့်ရဲ့ခွန်အားတွေကို ဘယ်လိုလုပ်ရင်ဆုံးရှုံးသွားမလဲ?" လို့ထပ်မေးတယ်။ "ငါ့ဆံပင်တွေကို အဝတ်နဲ့ချည်ထားရင် ငါထွက်မပြေးနိုင်တော့ဘူး။ ငါ့ခွန်အားတွေ ကုန်သွားလိမ့်မယ်" လို့ ရှံဆုန်ကပြောတယ်။ ဒေလိလလည်း သူပြောတဲ့အတိုင်းလုပ်ပြီး၊ "ရှံဆုန်၊ သင့်ကိုဖျက်ဆီးဖို့ ဖိလိတ္တိလူတွေလာပြီ" လို့အော်လိုက်တယ်။ ရှံဆုန်ရဲ့ဆံပင်တွေဟာ စည်းထားတဲ့ အဝတ်တွေကနေကျွတ်ပြီး၊ သူ့မှာခွန်အားရှိနေဆဲဖြစ်တယ်။

ဒေလိလဟာ ရပ်တန့်မသွားဘဲ ပိုပြီးပူဆာနှောင့်ယှက်တယ်။ သူ့ရဲ့လျှို့ဝှက်ချက်ကို သူမသိချင်တယ်။ ရှံဆုန်ရဲ့လျှို့ဝှက်ချက်အတွက် ဖိလိတ္တိလူတွေက ငွေအများကြီးပေးမယ်လို့ ကတိပေးတယ်။ ရှံဆုန်ဟာ သူမရဲ့ကြိမ်ဖန်များစွာ ပူဆာနှောင့်ယှက်တာကို မခံနိုင်တဲ့ အတွက် နောက်ဆုံးမှာတော့ သူ့လျှို့ဝှက်ချက်ကို အမှန်အတိုင်းပြောပြလိုက်တယ်။ "တခါမှ ငါ့ဆံပင်မညှပ်ဖူးဘူး။ ငါ့ဆံပင်ကြောင့် ငါ့ခွန်အားရှိနေတာ" လို့ ရှံဆုန်ကပြောတယ်။ ရှံဆုန်အိပ်ပျော်နေတဲ့အချိန်မှာ ဒေလိလဟာ လူတစ်ယောက်ကိုခေါ် ပြီး ရှံဆုန်ရဲ့ဆံပင် တွေကို ညှပ်ပေးလိုက်တယ်။ ရှံဆုန်ဟာ သူ့ခွန်အားတွေ ကုန်ခမ်းသွားတော့တယ်။ ဒေလိလက ဖိလိတ္တိလူတွေကို အော်တဲ့အခါ၊ သူတို့ ဟာ အလွယ်တကူ သူ့ကိုဖမ်းဆီးလိုက်ကြတယ်။ သူတို့ဟာ သူ့မျက်လုံးကိုဖောက်လိုက်တဲ့အတွက် သူမျက်လုံးကန်းသွားတယ်။ သူ့ကို အချုပ်ထဲမှာထားပြီး၊ အလုပ်ကြမ်းတွေလုပ်ခိုင်းတယ်။

ဒါပေမယ့် ရှံဆုန်ရဲ့ဆံပင်တွေဟာ ပြန်ရှည်လာပါတယ်။ တစ်ရက် ဖိလိတ္တိလူတွေဟာ ရှံဆုန်ရဲ့ခွန်အားကိုပြသရင်း သူတို့ကိုဖျော်ဖြေဖို့ တောင်းဆိုကြတယ်။ ပွဲကြည့်ဗိမာန်ရဲ့တိုင်ကြီးနှစ်ခုမှာ ချည်ထားတယ်။ ခွန်အားတွေပြန်ရဖို့ ဘုရားသခင်ဆီမှာ ရှံဆုန်ဆုတောင်းတယ်။ ခန်းမရဲ့တိုင်မကြီးတွေကို ဆွဲလှဲပြီး ပွဲကြည့်တဲ့လူတွေအားလုံးအပေါ်ကို ဖိကျသွားတယ်။ အဲဒီနေ့က သူ့အားဖြင့်သေကြတဲ့ဖိလိတ္တိလူ တွေဟာ အရင်ကသူသတ်ခဲ့တဲ့လူတွေထက် ပိုများပါတယ်။ ဒါတွေဟာလည်း ဘုရားသခင်ရဲ့အကြံအစည်တော်တွေပဲဖြစ်ပါတယ်။

## လူသန်ကြီးရှံဆုန် - ဆရာလမ်းညွှန် 3.11

### တရားသူကြီးမှတ်စာ ၁၃-၁၆

### အဓိကအချက်များ

၁) မောရှေဟာ ဣသရေလလူမျိုးတွေကို အီဂျစ်ပြည်ကနေ ကတိတော်မြေခါနန်ပြည်ကိုဦးဆောင်ခေါ်သွားတဲ့အခါ သူ့ကိုကူညီဖို့ တရားသူကြီးတွေကို သူရွေးချယ်ပါတယ်။ လူတွေကြားထဲမှာ ပြဿနာရှိရင် တရားသူကြီးတွေက ဖြေရှင်းပေးရပါတယ်။

၂) နှစ်တွေကြာပြီးနောက်မှာ ရှံဆုန်မွေးဖွားလာပါတယ်။ သူဟာ ဣသရေလလူမျိုးတွေအတွက် တရားသူကြီးဖြစ်လာပါတယ်။ ဘုရားသခင်ဟာ သူ့ကိုသာမန်ထက်ပိုတဲ့ခွန်အားကြီးခြင်းနဲ့ကောင်းချီးပေးပါတယ်။

၃) ရှံဆုန်ဟာ သူ့ခွန်အားကို ပုံစံအမျိုးမျိုးနဲ့ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် ဘာ့ကြောင့်သူ့ခွန်အားကြီးသလဲဆိုတာ ဘယ်သူမှမသိကြဘူး။ ရှံဆုန်ရဲ့လျှို့ဝှက်ချက်ကို သိနိုင်ရင်ငွေအများကြီးပေးမယ်လို့ ရှံဆုန်ရဲ့ဇနီးဒေလိလကို ဖိလိတ္တိလူတွေက ကတိပေးတယ်။ ဒေလိလက ရှံဆုန်ရဲ့လျှို့ဝှက်ချက်ကိုမေးတဲ့အခါ သူအမှန်အတိုင်းမပြောပြဘဲ သူ့ဟာသူသိမ်းဆည်းထားတယ်။

၄) ဒေလိလက ရှံဆုန်ဟာ ဘာ့ကြောင့်ခွန်အားရှိနေရတာလဲလို့ အကြိမ်ကြိမ်ပူဆာနှောင့်ယှက်မေးနေခဲ့တယ်။ နောက်ဆုံးတော့ သူက ပြောပြဖို့ဆုံးဖြတ်လိုက်တယ်။ သူဘယ်တုန်းကမှ ဆံပင်မညှပ်ခဲ့ကြောင်းသူမကိုပြောပြတယ်။ အဲဒါကြောင့် သူခွန်အားရှိနေတာ ဖြစ်တယ်။

၅) ဒေလိလက သူ့ကိုလှည့်စားခဲ့တယ်။ ရှံဆုန်အိပ်ပျော်နေချိန်မှာ သူ့ဆံပင်ကို သူမကလူငှါးခေါ် ပြီးညှပ်ပေးလိုက်တယ်။ ရှံဆုန်ရဲ့ ခွန်အားတွေကုန်သွားတယ်။ ဖိလိတ္တိလူတွေရဲ့ဖမ်းဆီးခြင်းခံရပြီး၊ သူ့မျက်လုံးတွေဖောက်ခံရကာ အချုပ်ထဲမှာထားခံရတယ်။

၆) အချိန်တွေကြာတဲ့အခါ ရှံဆုန်ရဲ့ဆံပင်ပြန်ရှည်လာပါတယ်။ ဖိလိတ္တိလူတွေက ရှံဆုန်ကိုသူ့ခွန်အားနဲ့ ဖျော်ဖြေပေးဖို့တောင်းဆို တဲ့အခါ စစ်သားတွေကသူ့ကို ဗိမာန်တော်တိုင်နှစ်လုံးမှာချည်ထားတယ်။ သူ့ကိုပြန်လည် ခွန်အားပေးဖို့ ဘုရားသခင်ဆီ ရှံဆုန် ဆုတောင်းတယ်။ ရှံဆုန်ဟာ သူ့ကိုချည်ထားတဲ့တိုင်တွေကို ဆွဲလှဲလိုက်ပြီး ဗိမာန်ဟာ လူတွေအားလုံးပေါ်ကို ပိသွားတယ်။ ဒါတွေလည်း ဘုရားသခင်ရဲ့အစီအစဉ်ပါပဲ။

### မေးခွန်းများ

၁) ဘုရားသခင်က ရှံဆုန်ကို ဘယ်လိုကောင်းချီးပေးခဲ့သလဲ?

၂) ရှံဆုန်ရဲ့ခွန်အားကြီးခြင်းလျှို့ဝှက်ချက်ကို ဘယ်သူသိချင်တာလဲ?

၃) ရှံဆုန်ရဲ့ဇနီးနာမည်ဘယ်လိုခေါ်လဲ?

၄) ရှံဆုန်ရဲ့ခွန်အားကြီးခြင်းနဲ့ပတ်သက်ပြီး ဒေလိလဘာတွေသိသွားလဲ?

၅) ဒေလိလဟာ အမှန်ကိုသိသွားတဲ့အခါ ဘာဆက်ဖြစ်လာသလဲ?

၆) ဘုရားသခင်က ရှံဆုန်ကို ဘယ်လိုကူညီခဲ့သလဲ?

### အဖြေများ

၁) ဘုရားသခင်က သာမန်ထက်ပိုတဲ့ခွန်အားကြီးခြင်းနဲ့ ရှံဆုန်ကိုကောင်းချီးပေးခဲ့ပါတယ်။

၂) ဖိလိတ္တိလူတွေဟာ ရှံဆုန်ခွန်အားကြီးခြင်းရဲ့လျှို့ဝှက်ချက်ကို သိချင်ကြပါတယ်။

၃) ရှံဆုန်ရဲ့ဇနီးသည်နာမည်ဟာ ဒေလိလဖြစ်ပါတယ်။

၄) ရှံဆုန်ဟာဆံပင်တခါမှမညှပ်ခဲ့ဖူးဘူးဆိုတာကို ဒေလိလသိသွားတယ်။ အဲဒါကြောင့် သူဟာခွန်အားကြီးနေတာဖြစ်တယ်။

၅) ဒေလိလဟာ ရှံဆုန်ရဲ့လျှို့ဝှက်ချက်ကို ဖိလိတ္တိလူတွေကိုပြောပြပြီး သူ့ဆံပင်ကိုညှပ်ပေးလိုက်ပါတယ်။ သူတို့ဟာ သူ့ကိုဖမ်းပြီး အချုပ်ထဲမှာထည့်ထားပါတယ်။

၆) ဘုရားသခင်ဟာ ရှံဆုန်ကို ခွန်အားပြန်ပေးခဲ့ပါတယ်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org